

# လေ့လာကြည့်ကြစို့! စက်ဘီးစည်းကမ်းများအကြောင်း

**2026** ခုနှစ် **4**လပိုင်းမှစတင်၍
ဥပဒေနှင့်ဆန့်ကျင်ပြီးစက်ဘီးစီးပါက
ဒဏ်ငွေပေးဆောင်ရမည်။



စက်ဘီးသည်အသုံးပြုရလွယ်ကူသဖြင့်စီးနင်းသူများစွာရှိကြသည်ဟုထင်ပါသည်။စက်ဘီးမတော်တဆဖြစ်မှုများကာကွယ်ရန်အတွက်
စက်ဘီးစည်းကမ်းများကိုလေ့လာကြည့်ကြပါစို့။

## စက်ဘီးစီးနည်း~လိုက်နာရမည့်စည်းကမ်း ၅ချက်~

**1** ကားလမ်းမကြီးရဲ့ဘယ်ဘက်ကပ်စီးပါ။
စက်ဘီးသည်ယာဉ်အမျိုးအစားတွင်ပါဝင်သောကြောင့်ခြွင်းချက်အချို့မှလွဲ၍
ကားလမ်းမကြီး၏ဘယ်ဖက်ခြမ်းတွင်စီးရမည်။စက်ဘီးစီးနင်းနိုင်သည့်ခြေလျှင်
လျှောက်လမ်းများတွင်လည်းခြေလျင်သွားသူများကိုအရင်ဦးစားပေးရမည်။
ခြေလျှင်လျှောက်လမ်းတွင်စီးသည့်အခါတွင်လည်းကားလမ်းနှင့်အနီးဆုံးဘက်
ခြမ်းတွင်ကပ်၍ဖြည်းဖြည်းစီးပါ။









**2** လမ်းဆုံတွင်လမ်းဖြတ်ကူးသည့်အခါမီးပွိုင့်အချက်ပြကိုသေချာလိုက်နာပါ။

**3** ညအချိန်တွင် စက်ဘီးမီးဖွင့်ပြီးစီးပါ။

**4** အရက်သောက်ပြီး စက်ဘီးမစီးရ။

**5** ယာဉ်မတော်တဆမှုကြောင့်ဖြစ်သည့်ထိခိုက်မှုကိုလျှော့ချရန်စက်ဘီးစီးဦးထုပ် ဆောင်းပါ။

ထို့အပြင်စက်ဘီးစီးသည့်အချိန် ဖုန်းသုံးခြင်း၊ ထီးကိုကိုင်၍ စက်ဘီးစီးခြင်းတို့ကိုလည်း တားမြစ်ထားသည်။






အထက်ပါစည်းကမ်းများကိုမလိုက်နာပါကအပြစ်ဒဏ်ခံရမည်ဖြစ်ပြီး
2026ခုနှစ်4လပိုင်းမှစတင်၍ကားနှင့်မော်တော်ဆိုင်ကယ်များအတိုင်း
ချိုးဖောက်သူများကိုဒဏ်ကြေးပေးရန်အမိန့်ချမည်။ဥပမာ-ဖုန်းသုံးရင်း
စက်ဘီးစီးခြင်း"~ရင်းစက်ဘီးစီးခြင်း"အတွက်12,000ယန်း၊ညအချိန်
မီးမဖွင့်ဘဲစက်ဘီးစီးခြင်းအတွက်5,000ယန်းစသဖြင့် ပေးရန် လိုအပ်မည်။
စည်းကမ်းများကို အမြဲလိုက်နာပြီးဘေးကင်းလုံခြုံစွာစီးကြပါ။

出典：「広報けいしちょう」春号（第111号）より抜粋し、JITCOが作成

## ကြည့်ပြီး လေ့လာနိုင်သည့် လမ်းစည်းကမ်းများ

JITCOသင်ထောက်ကူအွန်လိုင်းမားကတ်တွင်DVD"အမေး&အဖြေပုံစံဖြင့်လေ့လာနိုင်သည့်
ဂျပန်ယာဉ်စည်းကမ်း~လူသွားစကြ်န်နှင့်စက်ဘီးစည်းကမ်း~"ကိုရောင်းချနေပါ
သည်။ဂျပန်ဘာသာ၊တရုတ်ဘာသာ၊အင်္ဂလိပ်ဘာသာ၊အင်ဒိုနီးရှားဘာသာ၊ဗီယက်နမ်
ဘာသာ၊ဘာသာ၅မျိုးဖြင့်ထုတ်ဝေထားပါသည်။ သေချာပေါက်လေ့လာကြည့်ပါ။




Q&A で覚える日本の交通安全
～歩行と自転車のルール～